“ခရီးသွားလာရေး”

# “ဖုန်းတစ်လုံးဖြင့်ယူနန်ပြည်နယ်လည်ပတ်ခြင်း” ကို အွန်လိုင်းပေါ်သို့တင်

မတ်လ(၁)ရက်နေ့တွင် “ဖုန်းတစ်လုံးဖြင့် ယူနန်ပြည်နယ်လည်ပတ်ခြင်း” အွန်လိုင်းပေါ်တင်ပြီး အစမ်းအသုံးပြုခြင်းကိုစတင်လိုက်သည်။ ယူနန်ပြည်နယ်ခရီးသွားလုပ်ငန်းသည် ဒစ်ဂျစ်တယ်စနစ်ထဲသို့ ဝင်ရောက်သွားသည်။ မတ်လ(၂)ရက်နေ့တွင် အွန်လိုင်းပေါ်အစမ်းသုံးခြင်း မိတ်ဆက်ပွဲကို ပေကင်းမြို့တွင်ကျင်းပခဲ့ပါသည်။ ယူနန်ပြည်နယ်အစိုးရနှင့်စိန်ကျိမ့် Tencentကွန်ပျူတာ ကုမ္ပဏီလီမိတက်မှ “ဖုန်းတစ်လုံးဖြင့်ယူနန်ပြည်နယ်လည်ပတ်ခြင်း”အသုံးပြုညွှန်ကြားချက်ကို တစ်ကမ္ဘာလုံးထံသို့မိတ်ဆက်ပေးခဲ့သည်။

“ဖုန်းတစ်လုံးဖြင့် ယူနန်ပြည်နယ်လည်ပတ်ခြင်း”အွန်လိုင်းစနစ်သည်“အင်တာနက်+ခရီးသွားဝန်ဆောင်မှု” များကိုပေါင်းစပ်ထားခြင်းဖြစ်သည်။ ယူနန်သို့ခရီးသွားခြင်း App၊ Wechat public အကောင့်နှင့် Wechat ပရိုဂရမ်များမှတစ်ဆင့်၊ ခရီးသွားဧည့်သည်တော်များသည် ယူနန်သို့သွားရောက်မလည်ပတ်မီ၊ လည်ပတ်နေချိန်၊ လည်ပတ်ပြီးနောက်လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးထားသည်။ ခရီးသွားဧည့်သည်တော်များ၏စားသောက်မှု၊ နေထိုင်မှု၊ သွားလာရေး၊ လည်ပတ်ရေး၊ အပန်းဖြေရေး၊ ပစ္စည်းဝယ်ယူမှုနှင့် လည်ပတ်ခံစားမှုများကို အကောင်းဆုံးဝန်ဆောင်ပေးထားပါသည်။ ရိုးသားသောစနစ်၊ မကျေနပ်မှုများတိုင်ကြားရေးစနစ်များကို တည်ဆောက်ပေးထားပြီး ခရီးသွားဧည့်သည်များ စိတ်ချယုံကြည်စွာ အသုံးပြုနိုင်အောင် စီမံထားပါသည်။

ခရီးမထွက်မီအချိန်တွင် ခရီးသည်များသည် လက်ကိုင်ဖုန်းပေါ်တွင် remote video ဖြင့်ရှုခင်းများ(၂၄)နာရီ live ထုတ်လွှင့်မှုကိုကြည့်နိုင်သည်။ ရှုခင်းသာဒေသသို့ရောက်သည့်အချိန်တွင် ခရီးသည်များသည် ဖုန်းဖြင့်ဘားကုတ်များကို scanဖတ်ပြီး လက်မှတ်ဝယ်ယူခြင်း၊ မျက်နှာကို scanဖတ်ပြီး ဥယျာဉ်ထဲသို့အမြန်ဝင်သွားနိုင်ခြင်းများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ခရီးသွားလည်ပတ်နေသည့်အချိန်ကာလတွင် ရှုခင်းများကို AIဖြင့်ကြည့်ပြီး ဗဟုသုတများ တိုးပွားအောင်လုပ်ဆောင်နိုင်သည်။ အထက်ဖော်ပြပါလုပ်ဆောင်ချက်များအပြင် “ဖုန်းတစ်လုံးဖြင့်ယူနန်ပြည်နယ်လည်ပတ်ခြင်း” ဆော့ဝဲသည်ခရီးသည်များအတွက်ခရီးစဉ်စီမံပေးခြင်း၊ အိမ်သာရှာဖွေပေးခြင်း၊ ကားပါကင်နေရာဘိုကင်ယူပေးခြင်းနှင့် ကတ်ဒ်ဖြင့် ဒေသအတွင်းရှိ ဘတ်စ်ကားများစီးနင်းခြင်းကိုလည်း ကူညီဆောင်ရွက်ပေးသည်။ ခရီးစဉ်တလျှောက်လုံးတွင် ခရီးသည်၏ တရားဝင်အခွင့်အရေးများထိခိုက်နစ်နာမှုရှိခြင်း၊ အခက်အခဲနှင့်အန္တရာယ်များကြုံတွေ့ခဲ့ပါက ခလုတ်တစ်ချက်နှိပ်ခြင်းဖြင့် မကျေနပ်မှုများတိုင်ကြားခြင်းနှင့် အကူအညီတောင်းခံခြင်းများကို လုပ်ဆောင်နိုင်ကာ အဆိုပါလုပ်ဆောင်ချက် အဆုံးအကြောင်းများကိုလည်း အချိန်မီစစ်ဆေးကြည့်ရှုနိုင်သည်။

ရရှိထားသောသတင်းများအရ “ဖုန်းတစ်လုံးဖြင့်ယူနန်ပြည်နယ်လည်ပတ်ခြင်း” ဆော့ဝဲသည် ကူမင်းကျောက်တောဥယျာဉ်(Stone forest)ရှုခင်းသာဒေသ၊ ကူမင်းစီပေါ်ရွှမ်ရှုခင်းသာ၊ ယူနန်တိုင်းရင်းသားကျေးရွာ၊ တာ့လီချုံစိန်စီကျောင်းစေတီဘုရား(၃)ဆူ ဥယျာဉ်တာ့လီမြို့ဟောင်း၊ လီကျမ်းမြို့ဟောင်း၊ လီကျမ်းယုလုံနှင်းတောင်ရှုခင်းသာစသည့် ယူနန်ပြည်နယ် နာမည်ကျော်ရှုခင်းသာများတွင်လက်တွေ့ အသုံးပြုနိုင်ကြောင်းသိရပါသည်။

နောက်တစ်ဆင့်လျှင် “ဖုန်းတစ်လုံးဖြင့်ယူနန်ပြည်နယ်လည်ပတ်ခြင်း”ဆော့ဝဲသည်ခရီးသွားဇုန်ဖွံ့တွင်စမ်းသပ်လုပ်ငန်းများ လုပ်ဆောင်မှုအပေါ်အခြေခံပြီး အသုံးပြုနိုင်သည့်နယ်ပယ်များကို တိုးချဲ့အောင်လုပ်ဆောင်သွားမည်ဖြစ်သည်။ ပြည်နယ်တစ်ခုလုံး၌ ပြည်နယ်ခွဲနှင့်(၁၆)ခုအတွင်းရှိ 3Aအဆင့်ရှုခင်းသာများနှင့် တချို့သော A အဆင့်မဟုတ်သော ရှုခင်းသာဇုန်များနှင့်မြို့ပြတွင် အဆိုပါဆော့ဝဲစနစ်ကိုအသုံးပြုပြီး ယူနန်ပြည်နယ်တစ်ခုလုံး၏ ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။






သတင်းထောက် ဟန်ချိန်ယွမ်၊ ဝမ်ရှီရှင်

# တရုတ်ယူနန်နှင့်မြန်မာခရီးသွား အကျိုးတူပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြင့်တက်လာခြင်း

မကြာသေးမီကပြီးခဲ့သည့် တရုတ်နှစ်သစ်ကူးရက်မြတ်တွင် တရုတ်မြန်မာနယ်စပ်ကူးပြီး ခရီးသွားလည်ပတ်ခြင်းသည် ရေပန်းစားလာကြသည်။ ထို့အပြင် ယမန်နှစ် ဇူလိုင်လတွင် ရွှေလီမြို့တရုတ်မြန်မာနယ်စပ် တစ်ရက်တာခရီးစဉ် ပြန်လည်ရေပန်းစားလာသည်နှင့်အမျှ ခရီးသွားဧည့်သည်တော်ဦးရေ အဆက်မပြတ်တိုးများလာလျက်ရှိသည်။ တရုတ်ယူနန်မြန်မာခရီးသွား အကျိုးတူပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန် မြင့်တက်လာပြီဖြစ်ကြောင်းကို ခရီးသွားနယ်ပယ်အတွင်းရှိ လုပ်ငန်းရှင်များကယူဆနေကြသည်။

“အဆိုပါ ပိတ်ရက်အတွင်းတွင် ကျွန်တော်တို့ခရီးသွားကုမ္ပဏီမှ တရုတ်မြန်မာနယ်စပ် တစ်ရက်တာခရီးစဉ်လိုက်ပါသူဦးရေသည် (၁၆၀၀)ဦးခန့်ရှိပါသည်။ အဆိုပါခရီးစဉ်ကို လူအများကရွေးချယ်သောကြောင့် အလွန်ဝမ်းသာရပါသည်။” ဟု ဖေဖော်ဝါရီလ(၂၄)ရက်နေ့တွင်ယူနန်ပြည်နယ် တယ်ဟုန်တိုင် ဂျိမ်းဖောတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်မှုပြည်နယ်ခွဲ ရွှေနေမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားကုမ္ပဏီဥက္ကဋ္ဌချောင်ကျွင်က သတင်းထောက်အား ဝမ်းမြောက်စွာပြောကြားခဲ့သည်။

ရွှေလီမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ရောဂါရှာဖွေစစ်ဆေးရေးဌာန၏ မှတ်တမ်းများအရ နှစ်သစ်ကူးပွဲတော်အချိန်ကာလတွင် ကျယ်ခေါင်နယ်စပ်ဂိတ်မှ နိုင်ငံခြားသို့ သွားရောက်လည်ပတ်သော ခရီးသွားဦးရေသည် (၅၈၂၇)ဦးရှိသည်။ ဝမ်တိန်ဂိတ် ဝမ်တိန်တံတားဘေးပတ်လည်သို့ လာရောက်လည်ပတ်သောခရီးသွားဦးရေသည် (၂)သောင်းကျော်ရှိပါသည်။

“မြန်မာနိုင်ငံတွင်ပေါကြွယ်ဝသော ခရီးသွားအရင်းအမြစ်များရှိပါသည်။ ဥပမာ-ရွှေတိဂုံ၊ ပုဂံစေတီပုထိုးများ၊ အင်းလေး၊ ငွေဆောင်စသည်တို့သည် အလွန်အဖိုးတန်သော ခရီးသွားအရင်းအမြစ်များဖြစ်သည်။ “မြန်မာနိုင်ငံထဲတွင် သွားလည်သင့်သည့် နေရာများစွာရှိပါသည်” ဟု ထုံချိန်ခရီးသွားလုပ်ငန်းအစိုးရရေးရာဌာနညွှန်ကြားရေးမှူးကူကွေယွမ်က ပြောသည်။ ယခုလက်ရှိအခြေအနေတွင် ထုံချိန်ခရီးသွားလုပ်ငန်းသည် ယူနန်မှစတင်ထွက်ခွာသော တရုတ်မြန်မာနိုင်ငံခြားခရီးစဉ်(၁၇)ကြောင်းကို ရေးဆွဲထားသည်။ အဖွဲ့လိုက်သွားရောက်လည်ပတ်ခြင်း၊ တစ်ကိုယ်တော်သွားရောက်လည်ပတ်ခြင်း စသည်တို့ပါဝင်သည်ဟုလည်း သူက ဆက်လက်မိတ်ဆက်ပေးခဲ့သည်။

ဖုံရှယ်မော်တော်ယဉ်မောင်း ခရီးသွားလာခြင်းတာဝန်ခံကူရမ်းက ထိုကဲ့သို့မိတ်ဆက်ပေးသည်။ အဆိုပါကုမ္ပဏီသည်ကူမင်းဖုံညောင် အားကစားကုမ္ပဏီလီမိတက်နှင့် အတူပူးပေါင်းပြီး “မင်္ဂလာပါမြန်မာ” (၂၀၁၈)ခုနှစ် ပထမအကြိမ် တရုတ်မြန်မာ တရားဝင်မော်တော်ဆိုင်ကယ်ဖြင့် ခရီးသွားဖလှယ်ရေးလေ့လာရေးခရီးစဉ်”ကို ဧပြီလတွင် သွားရောက်လည်ပတ်နိုင်ရန် စီမံကိန်းရေးဆွဲနေသည်။ ယခုလက်ရှိတွင် အဆိုပါလေ့လာရေးခရီးစဉ်အတွက် မြန်မာနိုင်ငံနှင့်ကောင်းမွန်စွာညှိနှိုင်းနေပြီး ပါဝင်လိုသူများကို ဖိတ်ခေါ်နေပါသည်။

ယခုနှစ် တရုတ်နှစ်သစ်ကူးအချိန်ကာလအတွင်းတွင်ရွှေလီမြို့၏ “တစ်ရွာနှစ်နိုင်ငံ”သည် ခရီးသွားဧည့်သည် လူဦးရေ(၇)သောင်းကျော်ကို ဆွဲဆောင်နိုင်ခဲ့သည်။ ရွှေလီမြို့ခရီးသွားလာရေးအဖွဲ့ဥက္ကဋ္ဌရောင်ဝံယွမ်၏စကားနှင့်ပြောလျှင် တရုတ်နိုင်ငံပြည်နယ်မြို့အသီးသီးမှ ကားများကို ဤနေရာတွင် မြင်တွေ့နိုင်ပါသည်။ ယခင်ရာစု(၉၀)ဆယ်စုနှစ်နှစ်ဆန်းပိုင်း အချိန်ကာလကတည်းက ခရီးသွားလုပ်ငန်းကို စတင်လုပ်ကိုင်လာသော ရောင်ဝံယွမ်က တရုတ်မြန်မာနယ်စပ် ခရီးသွားလုပ်ငန်းကို ဂရုစိုက်လျက်ရှိသည်ဟု ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် နှစ်နိုင်ငံပြည်သူလူထုဖလှယ်ရေး ချစ်ခင်ရင်းနှီးမှုအချိန်ကာလကြာလာသောကြောင့် ဖြစ်သည်။

ပြည်ပခရီးသွားလုပ်ငန်းသည် ပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုခိုင်မာလာစေသည်ဟု ယူဆသည်မှာ ယူနန်ပေါင်စန်ဟိန်ရှိအဖွဲ့ ဝူကျုံအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်းအထွေထွေမန်နေဂျာ ချိန်ဟောက်လည်းပါဝင်သည်။ ဝူကျုံအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်းသည် နယ်စပ်ခရီးသွားလာရေးလမ်းကြောင်းများကို စတင်စီမံလာကတည်းကစပြီး ယခုနှစ်တရုတ်နှစ်သစ်ကူး အချိန်ကာလတွင် အရေးပါသောရလဒ်များကို ရရှိခဲ့သည်။ နယ်စပ်မှ အိမ်နီးချင်းနိုင်ငံခြားမြို့သို့ သွားရောက်လည်ပတ်သော လူဦးရေသည် ယမန်နှစ်ထက်(၃)ဆ ပိုပါသည်။ ကျွန်တော်တို့လည်း မြန်မာနိုင်ငံမှရောက်ရှိလာသော ခရီးသွားဧည့်သည်တချို့ကို ဧည့်ခံရသေးသည်ဟု ချိန်ဟောက်က ပြောကြားသည်။ ယခုနှစ်တွင်အဖွဲ့(၂)ဖွဲ့ကိုလက်ခံခဲ့ပြီဖြစ်သည်။ စုစုပေါင်းလူဦးရေ(၇၀)ကျော်ရှိသည်။ ပြည်ပခရီးသွားလာရေး၊ ပြည်တွင်းခရီးသွားလာရေး၊ ပြည်ဝင်ပြည်ထွက်ခရီးသွားလာရေးတွင် နှစ်ဦးနှစ်ဖက်စလုံးမှ အချင်းချင်းကိုပိုမိုသိကျွမ်းရင်းနှီးခွင့်ကိုရရှိစေနိုင်ခဲ့ပါသည်။



သတင်းထောက် လျို့ကျီယူ